**Highlights from DVB Debate's Reconciliation Show**

**December 3, 2016**

**"What about Reconciliation?"**

"အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာမှာ လက်နက်ကိုင်တဲ့သူတွေရော လက်နက်မကိုင်တဲ့သူတွေရော တိုင်းသူပြည်သားအားလုံး ပါဝင်တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ မူလ ဦးတည်ချက်ဟာ ဒီမိုကရေစီ ဖက်ဒရယ် ထူထောင်ရေးဖြစ်တယ်"

ခွန်မြင့်ထွန်း - ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"အစိုးရတွေဘက်က ဘယ်လောက် သဘောထားကြီးနေပါစေ တဖွဲ့ဖွဲ့ဘက်က အမြင်စောင်းတာတွေ ရှိနေရင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးသွားဖို့ အဆင်ပြေမှာမဟုတ်ပါဘူး"

ဦးလှသိန်း - ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

---

"အခုကြားနေရတဲ့ သတင်းတခုရှိတယ်. MNDA တို့ AA တို့ တအာန်းပလောင်အဖွဲ့တွေကို အကြမ်းဖက်အဖွဲ့လို့ ကြေညာဖို့လုပ်နေတယ်ဆိုတဲ့ အသံ ထွက်လာတယ်။ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကြီးအကျယ် အန္တရာယ်ရှိတယ်"

ဦးရဲထွဋ်(ခ) စာရေးဆရာ ဂင်းထွဋ်ဇော် - အမျိုးသားလွှတ်တော်အမတ်(အန်အယ်လ်ဒီ)

---

"ကချင်သောင်းကျန်းသူတို့ ဗမာစစ်သွေးကြွတို့ ခေါ်ပြောကြတယ်။ ဒီလို စကားရပ်တွေကအစ ပြောင်းလဲကြဖို့လိုတယ်။ ဒီကိစ္စတွေကနေ လူမျိုးရေးအရပါ ပဋိပက္ခတွေ ဖြစ်လာမှာ အင်မတန် စိုးရိမ်တယ်"

ခွန်မြင့်ထွန်း - ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"လက်နက်ကိုင်တယ်ဆိုတာ သူ့လုံခြုံရေးသူ စိတ်မချရသေးလို့ တိုင်းရင်းသားတွေအတွက် လုံခြုံရေးအစီအမံ ဖန်တီးလုပ်ပေးမယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေး ပိုနီးစပ်မယ်လို့ မြင်တယ်"

နိုင်ဥဿာ - မွန်အမျိုးသားဒီမိုကရေစီအဖွဲ့(လွတ်မြောက်နယ်မြေ)

---

"တိုးတက်နေတဲ့ နိုင်ငံတွေမှာ တပ်မတော်ဆိုတာ တရပ်ပဲရှိပါတယ်။ တပ်မတော်လက်အောက်မှာ အားလုံးပါဝင်နေကြတာဖြစ်ပါတယ်"

ဦးလှသိန်း - ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

"ဒီမိုကရေစီနိုင်ငံတွေမှာ တပ်မတော်ဆိုတာ အရပ်သားအစိုးရလက်အောက်မှာပဲ ရှိရမှာဖြစ်တယ်"

ခွန်မြင့်ထွန်း - ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"တပ်မတော်က နိုင်ငံရေးမှာ တဖြည်းဖြည်း ဆုတ်ခွာနေတယ်လို့တော့ မမြင်ပါဘူး များလာတယ်။ ဒါလည်း အကြောင်းရှိတယ် စစ်တလင်းကျယ်လေ အမျိုးသားပြန်လည်သင့်မြတ်ရေး ကျဉ်းလေဖြစ်လာတယ်"

ဦးအေးမောင်ကျော် - စာရေးဆရာ၊ နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတဲ့ စကားလုံးခေတ်စားလာတာက တယောက်ကို တယောက် အပြုတ်တိုက်ရေးမလုပ်တော့ဘဲ ညှိနှိုင်းရေးပဲ သွားကြဖို့ ပြောလာတာပါ။ တဖွဲ့ဖွဲ့က အပေါ်စီးယူတာ၊ အသာစီးယူတာတွေ ရှိရင် ပြေလည်မှာ မဟုတ်ပါဘူး"

ခွန်မြင့်ထွန်း - ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---